(၂) အချက်အလက်များ ပြည့်စုံမှန်ကန်ပါက နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်ရရှိရေး တင်ပြရမည်။

(၃) အချက်အလက်များ လိုအပ်ချက်ရှိပါက ပြုစုတင်ပြရန် သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အကြောင်းကြားရမည်။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လိုအပ်သော အချက်အလက်များကို ပြုစုတင်ပြပါက နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်ရရှိရေး ဆက်လက်တင်ပြရမည်။

( ဍ ) **အမှုတွဲအား ခွင့်ပြု မပြုဆုံးဖြတ်ခြင်း။** နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသည် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရရှိပါက သဘောထားမှတ်ချက်နှင့်အညီ ခွင့်ပြုမိန့်ပေးရန်ခွင့်ပြုကြောင်း သို့မဟုတ် ခွင့်မပြုကြောင်း သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ပေးပို့အကြောင်းကြားရမည်။

( ဎ ) **အမှုတွဲပိတ်သိမ်းခြင်း။** နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ခွင့်ပြုမိန့်ထုတ်ပေးရန် ခွင့်မပြုကြောင်း အကြောင်းကြားပါက ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးသည် အမှုတွဲအားပိတ်သိမ်း၍ လျှောက်ထားသူနှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသို့ ဆက်လက်အကြောင်း ကြားရမည်။

( ဏ ) **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲအားခွင့်ပြုကြောင်းအကြောင်းကြားခြင်း။** နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခွင့်ပြုကြောင်း အကြောင်းကြားစာ လက်ခံရရှိပါက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးသည် လျှောက်ထားသူနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခွင့်ပြုကြောင်း အကြောင်းကြားစာပေးပို့ရမည်။

(တ) **ကျသင့်အခွန်ငွေအား ပေးသွင်းစေခြင်း။** မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အုပ်ချုပ်ရေးမှူးသည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခွင့်ပြုကြောင်း အကြောင်းကြားစာ လက်ခံရရှိပါက ထုတ်လုပ်မည့်ကျင်းအရေအတွက်အရ ကျသင့်အခွန်ငွေအား ငွေသွင်းချလန်ထုတ်ပေး၍ လျှောက်ထားသူအား မြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ပေးသွင်းစေရမည်။

(တ) **ဆောက်လုပ်ရေးလုပ်ငန်းသုံး ကျောက်ထုတ်လုပ်ခွင့် (ဓာတ်သတ္တုတူးဖော်စုသိမ်းခွင့်လိုင်စင်) ထုတ်ပေးခြင်း**

(၁) လျှောက်ထားသူမှ ကျသင့်အခွန်ငွေပေးသွင်းပြီးကြောင်း ငွေသွင်းချလန်မိတ္တူနှင့်အတူ တင်ပြပါက ခရိုင်အုပ်ချုပ်ရေးမှူးသည် ဆောက်လုပ်ရေးလုပ်ငန်းသုံး ကျောက်ထုတ်လုပ်ခွင့် (ဓာတ်သတ္တု တူးဖော်စုသိမ်းခွင့်လိုင်စင်) အား ထုတ်ပေးရမည်။

(၂) လိုင်စင်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှ နောက်နှစ် ဇွန်လ ၃၀ ရက်နေ့အထိဖြစ်သည်။ (ဓာတ်သတ္တုတူးဖော်စုသိမ်းခွင့်လိုင်စင်သည် စက်မှုတွင်းထွက်ကုန်ကြမ်းအဆင့်နှင့် အလှဆင်ကျောက်အဆင့်မီသော ကျောက်များနှင့် သက်ဆိုင်ခြင်း မရှိပါ။)

## ယမ်းတိုက်ဆောက်လုပ်ခြင်း

၄။ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကျောက်ထုတ်လုပ်ခွင့် (ဓာတ်သတ္တုတူးဖော်စုသိမ်းခွင့်လိုင်စင်) ရရှိသူသည် အကျဉ်းဦးစီးဌာနလက်အောက်ရှိ ကုန်ထုတ်စခန်းများတည်ရှိရာ မြို့နယ်များအတွင်း၌သာ လုပ်ငန်းဆောင်ရွက်ရမည်ဖြစ်ပြီး ယမ်းတိုက်ဆောက်လုပ်မည့် မြေနေရာအတည်ပြုချက်ရရှိရန် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများပါ ပုံစံ (၃) ဖြင့် လျှောက်ထားရမည်-

(က) ကျောက်ထုတ်လုပ်ခွင့် (ဓာတ်သတ္တုတူးဖော်စုသိမ်းခွင့်လိုင်စင်) မိတ္တူ (မူရင်းယူဆောင်လာရန်)၊

(ခ) ကျောက်ထုတ်လုပ်ခွင့် (ဓာတ်သတ္တုတူးဖော်စုသိမ်းခွင့်လိုင်စင်) ရသည့် မြေနေရာအထောက်အထား မိတ္တူ (မူရင်းယူဆောင်လာရန်)၊

(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်၊

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

(င) ဆောက်လုပ်မည့်နေရာရှိ သက်ဆိုင်ရာတပ်ရင်း၏ ကန့်ကွက်ရန်မရှိကြောင်းနှင့် ၂၄ နာရီ လုံခြုံမှုပေးနိုင်ကြောင်း ထောက်ခံချက်၊

(စ) သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊

(ဆ) တပ်ရင်းဝင်းအတွင်း ဆောက်လုပ်ပါက စစ်ထောက်ချုပ်ရုံး၏ ထောက်ခံချက်၊

(ဇ) ကမ္ဘာသုံးမြေပုံအရိပ်ချစနစ် (Universal Transverse Mercator-UTM) မြေပုံ၊ တည်နေရာပြမြေပုံ၊ ဘေးကင်းမှုအကွာအဝေး တည်နေရာပြမြေပုံ၊

(ဈ) ကောင်းကင်ဓာတ်ပုံတည်နေရာပြမြေပုံ။

၅။ (က) ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားချက်ကိုလက်ခံရရှိလျှင် စိစစ်တင်ပြစေရန် အကျဉ်းဦးစီးဌာနသို့ တာဝန်ပေးအပ်ရမည်။

(ခ) အကျဉ်းဦးစီးဌာနသည် အပိုဒ်ခွဲ (က) အရ တာဝန်ပေးအပ်ချက်ကိုလက်ခံရရှိပါက လျှောက်လွှာပါ စာရွက်စာတမ်းများကို လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်၍ သဘောထားမှတ်ချက်ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ပြည်ထဲရေးဝန်ကြီးဌာနသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ရမည်။

၆။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိချုပ်သည်–

(က) လျှောက်လွှာပါ အထောက်အထားများကို သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ရမည်။

(ခ) အပိုဒ်ခွဲ (က) အရ စိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်ပါက သဘောထားမှတ်ချက်နှင့်အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) အပိုဒ်ခွဲ (က) အရ စိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းမရှိပါက သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် လျှောက်ထားသူသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အကြောင်းကြားနိုင်ရေးအတွက် တင်ပြရမည်။

၇။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည်–

(က) အပိုဒ် ၆ (ခ) အရ တင်ပြချက်ကိုစိစစ်ပြီး ထောက်ခံချက်နှင့်အတူ အချက်အလက်အထောက်အထားများကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သို့ တင်ပြရမည်။

(ခ) အပိုဒ် ၆ (ဂ) တင်ပြချက်အရ သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ရန် လျှောက်ထားသူသို့ ညွှန်ကြားနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားသူသို့ ညွှန်ကြားနိုင်ရေးအတွက် အကျဉ်းဦးစီးဌာနသို့ လမ်းညွှန်ရမည်။

၉။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သည် တာဝန်ပေးအပ်သော ယမ်းတိုက်မြေနေရာရွေးချယ်ရေးအဖွဲ့က တင်ပြသည့် ယမ်းတိုက်မြေနေရာ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို စိစစ်အတည်ပြုပြီး မိမိ၏သဘောထားမှတ်ချက်နှင့်အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်။

၁၀။ စစ်ဆေးရေးအရာရှိချုပ်သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ စိစစ်အတည်ပြုသော မြေနေရာ၌ သတ်မှတ်သည့်အင်္ဂါရပ်များနှင့်အညီ ယမ်းတိုက်ဆောက်လုပ်ရန် လျှောက်ထားသူသို့ ညွှန်ကြားနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည် စစ်ဆေးရေးအရာရှိချုပ်၏ အကြောင်းကြားချက်အရ ယမ်းတိုက်ဆောက်လုပ်ရေးအတွက် အကျဉ်းဦးစီးဌာနသို့အကြောင်းကြားပြီး အကျဉ်းဦးစီးဌာနမှတစ်ဆင့် လျှောက်ထားသူသို့ ညွှန်ကြားရမည်။

၁၂။ လျှောက်ထားသူသည် ယမ်းတိုက်ဆောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပါက အကျဉ်းဦးစီးဌာနသို့ ပြန်လည်တင်ပြပြီး အကျဉ်းဦးစီးဌာနမှတစ်ဆင့် ယမ်းတိုက်လိုင်စင်ရရှိရေးအတွက် စစ်ဆေးရေးအရာရှိချုပ်ထံ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများပါ ပုံစံ (၄) ဖြင့် လျှောက်ထားရမည်။

၁၃။ စစ်ဆေးရေးအရာရှိချုပ်သည် လိုင်စင်လျှောက်ထားသူ၏ လျှောက်ထားချက်ကို လက်ခံရရှိလျှင် စစ်ဆေးရေးအရာရှိများပါဝင်သော အဖွဲ့ကိုဖွဲ့စည်းတာဝန်ပေး၍ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော

ဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၇ ပါ သတ်မှတ်ထားသော အင်္ဂါရပ်များနှင့် ညီညွတ်ခြင်း ရှိ မရှိ ကွင်းဆင်းစစ်ဆေးစေပြီး ညီညွတ်မှုရှိပါက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၏ သဘောတူညီချက်ဖြင့် လျှောက်ထားသူအား ယမ်းတိုက်လိုင်စင်ကို လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများပါ ပုံစံ (၅) ဖြင့် ထုတ်ပေးရမည်။

၁၄။ စစ်ဆေးရေးအရာရှိချုပ်သည် သတ်မှတ်သည့်အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းမရှိပါက သတ်မှတ်ချက်နှင့် အညီဆောင်ရွက်ရန် လျှောက်ထားသူအား ညွှန်ကြားရမည်။

၁၅။ ယမ်းတိုက်လိုင်စင်ရရှိသူသည် စတင်သုံးစွဲသည့်အချိန်မှစ၍ စစ်ဆေးရေးအရာရှိချုပ် သို့မဟုတ် စစ်ဆေးရေးအရာရှိချုပ်က တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိများ၏ ယမ်းတိုက်စစ်ဆေးခြင်းကို ခံယူရမည်။

## ယမ်းတိုက်ယာယီလွှဲပြောင်းသုံးစွဲခြင်း

၁၆။ လုပ်ငန်းဆောင်ရွက်လိုသူသည် ယမ်းတိုက်များ ယာယီလွှဲပြောင်းရယူအသုံးပြုလိုပါက ကျောက်ထုတ်လုပ်ခွင့် (ဓာတ်သတ္တုတူးဖော်စုသိမ်းခွင့်လိုင်စင်) ထုတ်ပေးမည့် သက်ဆိုင်ရာနေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားထောက်ခံချက်တောင်းခံပြီး သဘောထား ထောက်ခံချက်များရရှိပါက ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အောက်ပါအချက်အလက်များနှင့်အတူ လျှောက်ထားရမည်-

(က) ယမ်းတိုက်လိုင်စင်ရရှိသူနှင့် ယမ်းတိုက်ယာယီလွှဲပြောင်းအသုံးပြုလိုသူတို့၏ လုပ်ငန်းခွင့်ပြုမိန့် သို့မဟုတ် လုပ်ငန်းလိုင်စင်မိတ္တူ၊

(ခ) ယမ်းတိုက်လိုင်စင်ရရှိသူနှင့် ယမ်းတိုက်ယာယီလွှဲပြောင်းအသုံးပြုလိုသူတို့၏ နှစ်ဦးနှစ်ဖက် စာဖြင့် သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့် အထောက်အထား၊

(ဂ) ယမ်းတိုက်ရှိ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၏ လက်ကျန်အခြေအနေ ဖော်ပြချက်နှင့် လက်ကျန်ရှိပါက သုံးစွဲမည့်အစီအစဉ် သို့မဟုတ် လွှဲပြောင်းမည့် အစီအစဉ်ဖော်ပြချက်။

၁၇။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပိုဒ် ၁၆ ပါ အချက်အလက်များ ပြည့်စုံမှု ရှိ မရှိနှင့် အောက်ပါအချက်အလက်များ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်ကြောင်းတွေ့ရှိပါက ယမ်းတိုက်ယာယီလွှဲပြောင်းခွင့် ဆောင်ရွက်ပေးရမည်-

(က) လုပ်ငန်းဆောင်ရွက်လိုသူသည် တရားဝင်အသုံးပြုနေသည့် လုပ်ငန်းစီမံကိန်းများ ရှိ မရှိနှင့် စီမံကိန်းသက်တမ်းကျန်ရှိနေခြင်း ရှိ မရှိ၊

(ခ) ယမ်းတိုက်လိုင်စင်ရရှိထားသည့် အစိုးရလုပ်ငန်း သို့မဟုတ် ဌာနများမှ ယာယီလွှဲပြောင်း အသုံးပြုရန် သဘောတူညီမှု ရှိ မရှိ၊

(ဂ) ယမ်းတိုက်များတွင် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ကျန်ရှိမှု ရှိ မရှိနှင့် လက်ကျန်ရှိပါက သုံးစွဲမည့်အစီအစဉ် သို့မဟုတ် လွှဲပြောင်းမည့်အစီအစဉ် ဖော်ပြချက်။

**လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းပေးနိုင်ပါရန် မှာယူခြင်း**

၁၈။ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းသုံး ခွဲကျောက်ထုတ်လုပ်ရောင်းချသူ လုပ်ငန်းရှင်များ အသင်းသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တင်သွင်းပေးနိုင်ပါရန် မှာယူလိုပါက လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေ များပါ ပုံစံ (၁) ဖြင့် လျှောက်ထားရမည်-

(က) ဆောင်ရွက်မည့် လုပ်ငန်းပမာဏ (ကျောက်ကျင်း) လျာထားချက်၊

(ခ) တူးဖော်မည့် နည်းစနစ်နှင့် ပုံစံဖော်ပြချက် (Blasting Method & Pattern)၊

(ဂ) ထားသိုမည့် ယမ်းတိုက်တည်နေရာ၊ သိုလှောင်ခွင့်ပြုသည့် ပမာဏ၊

(ဃ) လုပ်ငန်းဆောင်ရွက်မည့် ဘဏ္ဍာရေးနှစ်အတွင်းသုံးစွဲမည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ လိုအပ်ချက်၊

(င) သုံးလပတ်အလိုက် သုံးစွဲမည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများပမာဏ၊

(စ) သုံးစွဲမှုအတွေ့အကြုံ (ယခင်ဘဏ္ဍာရေးနှစ်အတွင်း သုံးစွဲခဲ့သည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများပမာဏ)။

၁၉။ (က) ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားချက်ကိုလက်ခံရရှိလျှင် စိစစ်တင်ပြစေရန် အကျဉ်း ဦးစီးဌာနသို့ တာဝန်ပေးအပ်ရမည်။

(ခ) အကျဉ်းဦးစီးဌာနသည် အပိုဒ်ခွဲ (က) အရ တာဝန်ပေးအပ်ချက်ကိုလက်ခံရရှိပါက လျှောက်ထား သူ၏ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ တစ်နှစ်စာလိုအပ်ချက်စာရင်းအား စိစစ်၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ပြည်ထဲရေးဝန်ကြီးဌာနသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာနသို့ ဆက်လက်ပေးပို့ရမည်။

၂၀။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော စစ်ဆေးရေး အရာရှိချုပ်သည်-

(က) လျှောက်လွှာပါ အထောက်အထားများကို သတ်မှတ်ချက်များနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ရမည်။

(ခ) အပိုဒ်ခွဲ (က) အရ သတ်မှတ်ချက်နှင့်ညီညွတ်ပါက သဘောထားမှတ်ချက်နှင့်အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) အပိုဒ်ခွဲ (က) အရ သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းမရှိပါက သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် လျှောက်ထားသူသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အကြောင်းကြား နိုင်ရေးအတွက် တင်ပြရမည်။

၂၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည်-

(က) အပိုဒ် ၂၀ (ခ) အရ တင်ပြချက်ကိုစိစစ်ပြီး ထောက်ခံချက်နှင့်အတူ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများပါ ပုံစံ (၁) လျှောက်လွှာ၊ ပူးတွဲတင်ပြသည့် အချက်အလက်များကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သို့ ပေးပို့ရမည်။

(ခ) အပိုဒ်၂၀ (ဂ) တင်ပြချက်အရ သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ရန် လျှောက်ထားသူသို့ ညွှန်ကြားနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၂၂။ ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားသူသို့ ညွှန်ကြားနိုင်ရေးအတွက် အကျဉ်းဦးစီးဌာနသို့ လမ်းညွှန်ရမည်။

၂၃။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သည်-

(က) အပိုဒ် ၂၁ (က) အရ ပေးပို့လာမှုအပေါ် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေး ဆပ်ကော်မတီကို စိစစ်စေရမည်။

(ခ) ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေး ဆပ်ကော်မတီ၏ စိစစ်ဆောင်ရွက်ချက်နှင့် သဘောထားမှတ်ချက်တို့ကိုစိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်ကြောင်းတွေ့ရှိပါက လျှောက်ထားသူသို့ ခွင့်ပြုချက်ထုတ်ပေးရမည်။

(ဂ) ခွင့်ပြုချက်မိတ္တူကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဃ) အပိုဒ်ခွဲ (ခ) အရ စိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်ခြင်းမရှိပါက သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် လျှောက်ထားသူသို့ ညွှန်ကြားနိုင်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၂၄။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရန် လျှောက်ထားသူသို့ ညွှန်ကြားနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားရမည်။

၂၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားသူသို့ ညွှန်ကြားနိုင်ရေးအတွက် အကျဉ်းဦးစီးဌာနသို့ လမ်းညွှန်ရမည်။

၂၆။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ခွင့်ပြုချက်ရရှိပြီးနောက် အကျဉ်းဦးစီးဌာနသည် ခွင့်ပြုချက်ရရှိသူ၏ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများလိုအပ်ချက်ကို တစ်လကြိုတင်၍ ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေး ဆပ်ကော်မတီမှတစ်ဆင့် ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံးသို့ ဆက်လက်ပေးပို့ပြီး ကျသင့်ငွေတောင်းခံလွှာကို ခွင့်ပြုချက်ရရှိသူထံ ပေးပို့ရမည်။

၂၇။ ခွင့်ပြုချက်ရရှိသူသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအတွက် ကျသင့်ငွေကို ကာကွယ်ရေး ရငွေစာရင်းသို့ပေးသွင်းပြီး လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်း တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက် ပို၍ဖြစ်စေ ဆောင်ရွက်လိုလျှင် ငွေပေးသွင်းပြီးကြောင်း ငွေသွင်းချလန်မူရင်းနှင့်အတူ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများပါ ပုံစံ (၂) ဖြင့် လျှောက်ထားရမည်။

၂၈။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိချုပ်သည်–

(က) လျှောက်လွှာပါ အချက်အလက်အထောက်အထားများ ပြည့်စုံမှန်ကန်မှု ရှိ မရှိ စိစစ်ရမည်။

( ခ ) ပြည့်စုံမှန်ကန်မှုရှိပါကသဘောထားမှတ်ချက်နှင့်အတူသယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၉။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် စစ်ဆေးရေးအရာရှိချုပ်၏ တင်ပြချက်ကိုစိစစ်ပြီး သတ်မှတ်ချက်နှင့်ညီညွတ်ကြောင်းတွေ့ရှိပါက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သို့ ပေးပို့ရမည်။

၃၀။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သည်–

(က) အပိုဒ် ၂၉ အရ ပေးပို့မှုအပေါ် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေး ဆပ်ကော်မတီကို စိစစ်စေရမည်။

( ခ ) ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေး ဆပ်ကော်မတီ၏ စိစစ်ထောက်ခံချက်အရ လျှောက်ထားသူသို့ ခွင့်ပြုချက်ထုတ်ပေးရမည်။

( ဂ ) ခွင့်ပြုချက်မိတ္တူတစ်စောင်ကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဃ) ခွင့်ပြုချက်ရရှိထားသူအား ထပ်ဆင့်ခွင့်ပြုချက် ဆက်လက်ထုတ်ပေးနိုင်ရေးအတွက် ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေး ဆပ်ကော်မတီသို့ ခွင့်ပြုချက်မိတ္တူတစ်စောင်ကို ပေးပို့ရမည်။

**လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်း**

၃၁။ ခွင့်ပြုချက်ရရှိသူသည် ထုတ်ယူသယ်ဆောင်ခွင့်ရရှိပါက လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လိုအပ်သော လုံခြုံရေးအစီအမံများ တင်ပြတောင်းခံရရှိပြီးမှ အကျဉ်းဦးစီးဌာနက တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်အရာရှိနှင့် ခွင့်ပြုချက်ရရှိသူက တာဝန်ပေးအပ်သည့် ပစ္စည်းထုတ်ယူမည့် ကိုယ်စားလှယ်တို့သည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအား သတ်မှတ်ရက်အတိုင်းထုတ်ယူ၍ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်ရာယမ်းတိုက်များသို့ သယ်ယူရမည်။

၃၂။ ယမ်းတိုက်လိုင်စင်ရရှိသူသည် သက်ဆိုင်ရာယမ်းတိုက်မှ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ထည့်သွင်းထားသိုခြင်းနှင့် ထုတ်ပေးခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ရန် တာဝန်ခံတစ်ဦးနှင့် ဒုတိယတာဝန်ခံတစ်ဦး ထားရှိတာဝန်ပေးအပ်ပြီး ကျောက်ထုတ်လုပ်ငန်းခွင်သို့ ထုတ်ယူအသုံးပြုလိုပါက ထုတ်လုပ်မည့် ကျောက်ကျင်းအရေအတွက်ပေါ်မူတည်ပြီး အသုံးပြုရန် လိုအပ်သည့်အရေအတွက်ကို ထုတ်လုပ်မှုစံနှုန်း၊ လွှန်ပေနှင့်တကွ ထုတ်ယူတောင်းခံမှုကို လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများပါ ပုံစံ (၇) ဖြင့် အကျဉ်းဦးစီးဌာနက တာဝန်ပေးအပ်သည့် သက်ဆိုင်ရာ ကုန်ထုတ်စခန်း (ကျောက်ထုတ်စခန်း) တာဝန်ခံထံ တင်ပြတောင်းခံရမည်။

၃၃။ ကုန်ထုတ်စခန်းတာဝန်ခံက အပိုဒ် ၃၂ အရ တောင်းခံချက်အပေါ်ခွင့်ပြုပြီး တာဝန်ပေးအပ်မည့် ကြီးကြပ်သူအရာရှိတစ်ဦးနှင့် ယမ်းတိုက်လိုင်စင်ရရှိသူက တာဝန်ပေးအပ်သော တာဝန်ခံတို့လိုက်ပါ၍ သက်ဆိုင်ရာ တပ်ရင်းဝင်းအတွင်းရှိ ယမ်းတိုက်လိုင်စင်ရရှိသူပိုင် ယမ်းတိုက်မှ ထုတ်ယူရမည်။

၃၄။ ကျောက်ထုတ်လုပ်ငန်းခွင်၌ ယမ်းတပ်ဆင်ဖောက်ခွဲရာတွင်ကြီးကြပ်ရန် သက်ဆိုင်ရာကုန်ထုတ်စခန်းတာဝန်ခံက တာဝန်ပေးအပ်သည့် အရာရှိတစ်ဦးလိုက်ပါရမည်။

၃၅။ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ တပ်ရင်းများက သတ်မှတ်ပေးသည့်အချိန်၊ သတ်မှတ်ထားသည့် နေ့ရက်များတွင် ဖောက်ခွဲရမည်။

၃၆။ ကျောက်ထုတ်လုပ်ငန်းခွင်အတွင်း ယမ်းဖောက်ခွဲရန် ထုတ်ယူထားသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများပိုနေပါက သက်ဆိုင်ရာယမ်းတိုက်အတွင်း တာဝန်ပေးအပ်သည့် တာဝန်ခံထံ စနစ်တကျပြန်လည်အပ်နှံရမည်။

**ဖျက်ဆီးခြင်းကိုခွင့်ပြုရန် လျှောက်ထားခြင်းနှင့် ခွင့်ပြုပေးခြင်း**

၃၇။ ခွင့်ပြုချက်ရရှိသူသည် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၅၁ အရ လိုင်စင်ရရှိသည့် ယမ်းတိုက်၌ သိုလှောင်ထားရှိသော လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဖျက်ဆီးခြင်းကိုခွင့်ပြုရန် ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ နည်းဥပဒေများပါ ပုံစံ (၈) ဖြင့် လျှောက်ထားရမည်။

၃၈။ (က) ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားချက်ကိုလက်ခံရရှိလျှင် စိစစ်တင်ပြစေရန် အကျဉ်းဦးစီးဌာနသို့ တာဝန်ပေးအပ်ရမည်။

(ခ) အကျဉ်းဦးစီးဌာနသည် အပိုဒ်ခွဲ (က) အရ တာဝန်ပေးအပ်ချက်ကိုလက်ခံရရှိပါက စိစစ်ပြီး ခွင့်ပြုချက်ရရှိသူ၏ ဖျက်ဆီးခြင်းကိုဆောင်ရွက်လိုကြောင်း ရှင်းလင်းဖော်ပြချက်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ပြည်ထဲရေးဝန်ကြီးဌာနသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ရမည်။

၃၉။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သော စစ်ဆေးရေးအရာရှိချုပ်သည် ဖျက်ဆီးခြင်းကိုဆောင်ရွက်လိုသည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို သတ်မှတ်ချက်နှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ဆောင်ရွက်ပြီး တွေ့ရှိချက်ကို သဘောထားမှတ်ချက်နှင့်အတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပြန်လည်တင်ပြပြီး ယင်းတင်ပြချက်အပေါ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကစိစစ်၍ သက်ဆိုင်သည့် အချက်အလက်အထောက်အထားများနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သို့ ပေးပို့ရမည်။

၄၀။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) က တာဝန်ပေးအပ်သော ယမ်းဘီလူး ဝယ်ယူ၊ ဖြည့်တင်း၊ သိုလှောင်၊ ဖြန့်ဖြူးရေး ဆပ်ကော်မတီသည်-

(က) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဖျက်ဆီးရန်ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ရမည်။

(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လျှောက်ထားသူ၏ ကိုယ်စားလှယ်များ ပါဝင်သောအဖွဲ့ဖြင့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဖျက်ဆီးခြင်းကို ဆောင်ရွက်ရန် သင့် မသင့် စစ်ဆေးရမည်။

(ဂ) ဖျက်ဆီးခြင်းဆောင်ရွက်သင့်သည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများစာရင်းကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)သို့ တင်ပြရမည်။

၄၁။ အပိုဒ် ၄၀၊ အပိုဒ်ခွဲ (ဂ) တင်ပြချက်အရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) သည် လိုအပ်သည်များကို စိစစ်ပြီး ဖျက်ဆီးခြင်းဆောင်ရွက်သင့်သည့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများကို ကာကွယ်ရေးဌာနကောင်စီ အမှုဆောင်အဖွဲ့၏ အတည်ပြုချက်ဖြင့် ဖျက်ဆီးခြင်းကိုဆောင်ရွက်ရမည်။

## ကတိဝန်ခံချက်ရယူခြင်း

၄၂။ အကျဉ်းဦးစီးဌာနသည် လုပ်ငန်းဆောင်ရွက်သူအား အောက်ပါအချက်အလက်များပါဝင်သော ကတိဝန်ခံချက်ရယူရမည်-

(က) ကျောက်ထုတ်လုပ်ကွက်များရှိ ယမ်းဖောက်ခွဲမှု တာဝန်ခံသည် Minning Enginner ဘွဲ့ရရှိပြီး အတွေ့အကြုံရှိသူဖြစ်ခြင်း၊

(ခ) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများရရှိမှုစာရင်း၊ ထုတ်ပေးမှုစာရင်း၊ လက်ကျန်စာရင်းများနှင့်စပ်လျဉ်း၍ ခွင့်ပြုချက်ရရှိသူ၏ လုပ်ကွက်တာဝန်ခံနှင့် အကျဉ်းဦးစီးဌာနက တာဝန်ပေးအပ်သော ကိုယ်စားလှယ်တို့အား တာဝန်ခံခြင်း၊

(ဂ) ယမ်းတိုက်တစ်ခုချင်းစီ၏ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ၏ လချုပ်စာရင်းများကို အကျဉ်းဦးစီးဌာနသို့ လစဉ်လဆန်း သုံးရက်နေ့အရောက် ပေးပို့ခြင်း၊

(ဃ) ယမ်းဖောက်ခွဲမည့် နေ့ရက်မတိုင်မီ တစ်ရက်ကြိုတင်၍ ယမ်းတိုက်အားကြီးကြပ်ရန် တာဝန်ပေးအပ်သည့် ကုန်ထုတ်စခန်းတာဝန်ခံထံ တင်ပြခြင်း၊

(င) ယမ်းဖောက်ခွဲမှုပြုလုပ်ရန်ဆောင်ရွက်စဉ် မတော်တဆပေါက်ကွဲထိခိုက်မှုဖြစ်ပွားပါက သက်ဆိုင်ရာ ယမ်းဖောက်ခွဲမှုတာဝန်ခံက ထိခိုက်မှုကိစ္စအဝဝအား တာဝန်ယူဖြေရှင်းခြင်း၊

(စ) ယမ်းတိုက်မှ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအား အခြားနယ်မြေရှိ လုပ်ကွက်များတွင်သုံးစွဲရန် အခြားယမ်းတိုက်များသို့ ပြောင်းရွှေ့မှုမပြုခြင်း၊

(ဆ) လုပ်ကွက်တစ်ခုမှ အခြားလုပ်ကွက်တစ်ခုသို့ လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ လွှဲပြောင်းသုံးစွဲမှုမပြုခြင်း၊

(ဇ) ဌာနမှအခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့် လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာဥပဒေ၊နည်းဥပဒေများပါပြဋ္ဌာန်းချက်များအတိုင်းလိုက်နာဆောင်ရွက်မှုမရှိခြင်းနှင့် လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း ဥပဒေနှင့်မလွတ်ကင်းသည့်ကိစ္စရပ်များ ဆောင်ရွက်ခြင်းများ တွေ့ရှိရပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကိုသိရှိကြောင်း တာဝန်ရှိသူတို့အား လက်မှတ်ရေးထိုးစေခြင်း၊

(ဈ) လုပ်ငန်းခွင်သုံးပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်သူက ဝန်ဆောင်ခအဖြစ် ယမ်းတစ်ကီလိုလျှင် ၁,၀၀၀ ကျပ်နှုန်း သတ်မှတ်၍ အကျဉ်းသားများလုပ်အားဖြင့် ကုန်ထုတ်လုပ်ရေးအဖွဲ့ ရန်ပုံငွေစာရင်းသို့ ပေးသွင်းခြင်း။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး ကို အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးဉာဏ်ဇော်ဦး ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန် ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန် ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ရီရီဦး<br>ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>စစ်တွေတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၂) ဒေါက်တာ လွဲလွဲဝေ<br>ပါမောက္ခချုပ်<br>ဖန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကျောက်ဆည်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## **အမိန့်ကြော်ငြာစာအမှတ် (၇၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်)

### **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (၁) ဦးဟန်ဝင်းအောင်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာ ခင်သီတာ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊ စီမံကိန်းနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် (၂၀၂၅ ခုနှစ်၊ ဇွန်လ ၇ ရက်) စနေနေ့သည် **အီဒုလ်အသွဟာ (ကုရ်ဘာနီအီးဒ်)** နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကြည်ကြည်သန်းအောင် ကို ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်)

**ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။　ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ ပါ **ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်** ဟူသည့် ပြဋ္ဌာန်းချက်ကို

အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး **ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယရဲချုပ် (၂)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဌ) | ဌာနမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ အဆိုပါဥပဒေ (မူကြမ်း) ရေးဆွဲရေးကော်မတီသည် ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ တာဝန်၊ လုပ်ပိုင်ခွင့်တို့နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များဆိုင်ရာတို့အား ဆောင်ရွက်ရမည့်လုပ်ငန်းတို့ကို ပြည့်စုံစွာပါဝင်အောင် ရေးဆွဲရန်ဖြစ်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်)

## မြန်မာနိုင်ငံစာရင်းကောင်စီ ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပုဒ်မ ၄ အရ မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုစာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယစာရင်းစစ်ချုပ် | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်များ | အဖွဲ့ဝင် |
| (င) | ဦးဇော်မြင့်နိုင်<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (စ) | ဦးဝင်းတည်<br>အဖွဲ့ဝင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဆ) | ဦးလှိုင်ဦး<br>အမြဲတမ်းအတွင်းဝန်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒေါ်စီစီပြုံး<br>ညွှန်ကြားရေးမှူးချုပ်၊ ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဌ) | ပါမောက္ခချုပ်<br>ရန်ကုန်စီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဍ) | ပါမောက္ခချုပ်<br>မုံရွာစီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဎ) | ပါမောက္ခချုပ်<br>မိတ္ထီလာစီးပွားရေးတက္ကသိုလ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဏ) | ဒေါက်တာ မို့မို့ရီ<br>ပါမောက္ခချုပ်<br>သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း) | အဖွဲ့ဝင် |
| (တ) | ဦးကျော်ညွန့်<br>နာယက<br>မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| (ထ) | ဦးသိန်းမြင့်<br>နာယက<br>မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| ( ဒ ) | ဦးမိုးကျော်<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| ( ဓ ) | ဦးမောင်မောင်အောင်<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| ( န ) | ဦးကျော်တင်<br>ဘုတ်အဖွဲ့ဝင်<br>မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| ( ပ ) | ဦးသန်းစော<br>ဘုတ်အဖွဲ့ဝင်<br>မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| ( ဖ ) | ဒေါ်တင်တင်ညို<br>တွဲဖက်အတွင်းရေးမှူး<br>မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| ( ဗ ) | ဒေါ်ဝင်းဝင်းရွှေ<br>ဘုတ်အဖွဲ့ဝင်<br>မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| (ဘ) | ဒေါ်ခင်ပြည့်ဖြိုး<br>ဘုတ်အဖွဲ့ဝင်<br>မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| ( မ ) | ဦးရဲမင်းအောင်<br>ဒုတိယဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |

(ယ) ဦးဝင်းထွဋ်အောင် — အဖွဲ့ဝင်
လက်မှတ်ရပြည်သူ့စာရင်းကိုင်

(ရ) ညွှန်ကြားရေးမှူးချုပ် (အမြဲတမ်းအတွင်းဝန်) — အတွင်းရေးမှူး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(လ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး(၁)
နည်းပညာဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဝ) အတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး(၂)
မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

### အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်)

### ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ် ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ် ဝယ်ယူရောင်းချခြင်းလုပ်ငန်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို HNA Myanmar Oil & Gas Ltd အား အောက်ပါဇယားတွင် ဖော်ပြထားသည့် နယ်မြေသတ်မှတ်ချက်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်သည့်နေ့ရက်မှစ၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည်–

**ကုန်းတွင်းလုပ်ကွက် IOR–4 (ပြည်ဒေသ) ဧရိယာ–၁**

| ပွိုင့်အမှတ် | လတ္တီတွဒ် | လောင်ဂျီတွဒ် |
|---|---|---|
| ၁ | ၁၈° ၃၈′ ၄၅.၉၉″ | ၉၅° ၁၃′ ၄၄.၁၃″ |
| ၂ | ၁၈° ၃၉′ ၁၅.၇၉″ | ၉၅° ၁၈′ ၀၀.၆၀″ |
| ၃ | ၁၈° ၃၀′ ၀၂.၀၆″ | ၉၅° ၁၉′ ၃၂.၀၈″ |
| ၄ | ၁၈° ၂၉′ ၀၇.၄၁″ | ၉၅° ၁၄′ ၅၇.၉၅″ |

၂။ အပိုဒ် ၁ ပါ လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် HNA Myanmar Oil & Gas Ltd သည် တည်ဆဲဥပဒေများ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ချုပ်ဆိုထားသည့် တိုးတက်ထွက်ရှိလာသော ရေနံထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

၃။ HNA Myanmar Oil & Gas Ltd အား လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော အပိုဒ် ၁ ပါ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် စွမ်းအင်ဝန်ကြီးဌာနကို လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၉၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်–

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးအောင်သူဟိန်း တ/၁၀၇၇ | ပျော်ဘွယ် မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်မိုးမိုးရွှေရည် တ/ ၃၄၆၃ | ဟိုပုံး ရှမ်းပြည်နယ် |

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၉၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ ရှမ်းပြည်နယ်၊ ရပ်စောက်မြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီး ဦးကျော်ဝေယံဟိန်း (တ/၃၄၁၈) အား မြို့နယ်တရားသူကြီးတာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့်အာဏာနှင့် အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

သာဌေး

ပြည်ထောင်စုတရားသူကြီးချုပ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်)

### ပြည်ထောင်စုနယ်မြေ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) အရ **ပြည်ထောင်စုနယ်မြေ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ကောင်စီအဖွဲ့ဝင် (၁)<br>နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | အုပ်ချုပ်ရေးမှူး<br>နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယအထွေထွေမန်နေဂျာ<br>နေပြည်တော်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | ကိုယ်စားလှယ်<br>နေပြည်တော်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုနယ်မြေအခွန်ဦးစီးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော် | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူး<br>နေပြည်တော်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး<br>နေပြည်တော်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူး<br>နေပြည်တော်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ညွှန်ကြားရေးမှူး<br>နေပြည်တော်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဦးစီးမှူး<br>နေပြည်တော်စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယညွှန်ကြားရေးမှူး<br>နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |

(၁၃) တပ်ဖွဲ့မှူး — အတွင်းရေးမှူး
နေပြည်တော်ရဲတပ်ဖွဲ့

(၁၄) ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်) — တွဲဖက်အတွင်းရေးမှူး
နေပြည်တော်ရဲတပ်ဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)

## ကချင်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **ကချင်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — ဥက္ကဋ္ဌ
ကချင်ပြည်နယ်အစိုးရအဖွဲ့

(၂) ပြည်နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ကချင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) ပြည်နယ်မန်နေဂျာ — အဖွဲ့ဝင်
ကချင်ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(၄) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကချင်ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

(၅) ကိုယ်စားလှယ် — အဖွဲ့ဝင်
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်

(၆) ပြည်နယ်အခွန်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ကချင်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကချင်ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကချင်ပြည်နယ်မီးသတ်ဦးစီးဌာန

(၉) ပြည်နယ်ဥပဒေအရာရှိ — အဖွဲ့ဝင်
ကချင်ပြည်နယ်ဥပဒေချုပ်ရုံး

(၁၀) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကချင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၁) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကချင်ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၁၂) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကချင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန

(၁၃) ပြည်နယ်ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး
ကချင်ပြည်နယ်ရဲတပ်ဖွဲ့

(၁၄) ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်) — တွဲဖက်အတွင်းရေးမှူး
ကချင်ပြည်နယ်ရဲတပ်ဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၅)

## ကယားပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **ကယားပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(၁) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — ဥက္ကဋ္ဌ
ကယားပြည်နယ်အစိုးရအဖွဲ့

(၂) ပြည်နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) ပြည်နယ်မန်နေဂျာ — အဖွဲ့ဝင်
ကယားပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(၄) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကယားပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(၅) ကိုယ်စားလှယ် — အဖွဲ့ဝင်
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်

(၆) ပြည်နယ်အခွန်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ကယားပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကယားပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကယားပြည်နယ်မီးသတ်ဦးစီးဌာန

(၉) ပြည်နယ်ဥပဒေအရာရှိ — အဖွဲ့ဝင်
ကယားပြည်နယ်ဥပဒေချုပ်ရုံး

(၁၀) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကယားပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

| | | |
|---|---|---|
| (၁၁) | ပြည်နယ်ဦးစီးမှူး<br>ကယားပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်နယ်ဦးစီးမှူး<br>ကယားပြည်နယ်စားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ကယားပြည်နယ်ရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၄) | ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်)<br>ကယားပြည်နယ်ရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၅)

## ကရင်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု ဆိုင်ရာဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **ကရင်ပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေး ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ကရင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ပြည်နယ်မန်နေဂျာ<br>ကရင်ပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | ပြည်နယ်ဦးစီးမှူး<br>ကရင်ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ်<br>အရှေ့တောင်တိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၆) | ပြည်နယ်အခွန်ဦးစီးဌာနမှူး<br>ကရင်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူး<br>ကရင်ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်နယ်ဥပဒေအရာရှိ<br>ကရင်ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |

(၁၀) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကရင်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၁) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကရင်ပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၁၂) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကရင်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန

(၁၃) ပြည်နယ်ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး
ကရင်ပြည်နယ်ရဲတပ်ဖွဲ့

(၁၄) ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်) — တွဲဖက်အတွင်းရေးမှူး
ကရင်ပြည်နယ်ရဲတပ်ဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၅)

## ချင်းပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **ချင်းပြည်နယ် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — ဥက္ကဋ္ဌ
ချင်းပြည်နယ်အစိုးရအဖွဲ့

(၂) ပြည်နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) ပြည်နယ်မန်နေဂျာ — အဖွဲ့ဝင်
ချင်းပြည်နယ်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(၄) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

(၅) ကိုယ်စားလှယ် — အဖွဲ့ဝင်
အနောက်မြောက်တိုင်းစစ်ဌာနချုပ်

(၆) ပြည်နယ်အခွန်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်မီးသတ်ဦးစီးဌာန

(၉) ပြည်နယ်ဥပဒေအရာရှိ — အဖွဲ့ဝင်
ချင်းပြည်နယ်ဥပဒေချုပ်ရုံး

(၁၀) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၁) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၁၂) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်စားသုံးသူရေးရာဦးစီးဌာန

(၁၃) ပြည်နယ်ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး
ချင်းပြည်နယ်ရဲတပ်ဖွဲ့

(၁၄) ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်) — တွဲဖက်အတွင်းရေးမှူး
ချင်းပြည်နယ်ရဲတပ်ဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၅)

## စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — ဥက္ကဋ္ဌ
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(၂) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) တိုင်းဒေသကြီးမန်နေဂျာ — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(၄) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

(၅) ကိုယ်စားလှယ် — အဖွဲ့ဝင်
အနောက်မြောက်တိုင်းစစ်ဌာနချုပ်

(၆) တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးအထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

| | | |
|---|---|---|
| (၈) | ညွှန်ကြားရေးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီးဥပဒေအရာရှိ<br>စစ်ကိုင်းတိုင်းဒေသကြီးဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီးဦးစီးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီးဦးစီးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီးဦးစီးမှူး<br>စစ်ကိုင်းတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး<br>စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ | အတွင်းရေးမှူး |
| (၁၄) | ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်)<br>စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ | တွဲဖက်အတွင်းရေးမှူး |

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၅)

## တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး<br>တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီးမန်နေဂျာ<br>တနင်္သာရီတိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီးဦးစီးမှူး<br>တနင်္သာရီတိုင်းဒေသကြီးပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ်<br>ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် | အဖွဲ့ဝင် |
| (၆) | တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး<br>တနင်္သာရီတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးအထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန

(၉) တိုင်းဒေသကြီးဥပဒေအရာရှိ — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး

(၁၀) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၁) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၁၂) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန

(၁၃) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၁၄) ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်) — တွဲဖက်အတွင်းရေးမှူး
တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)

## ပဲခူးတိုင်းဒေသကြီး ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ ဖွဲ့စည်းခြင်း

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီသည် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ **ပဲခူးတိုင်းဒေသကြီး ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(၁) လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး — ဥက္ကဋ္ဌ
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၂) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၃) တိုင်းဒေသကြီးမန်နေဂျာ — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(၄) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန

(၅) ကိုယ်စားလှယ် — အဖွဲ့ဝင်
တောင်ပိုင်းတိုင်းစစ်ဌာနချုပ်

(၆) တိုင်းဒေသကြီးအခွန်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(၇) ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးအထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန

(၈) ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန

(၉) တိုင်းဒေသကြီးဥပဒေအရာရှိ　　အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး

(၁၀) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(၁၁) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးအလုပ်သမားညွှန်ကြားရေးဦးစီးဌာန

(၁၂) တိုင်းဒေသကြီးဦးစီးမှူး　　အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန

(၁၃) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး　　အတွင်းရေးမှူး
ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့

(၁၄) ဦးစီးအရာရှိ (ပထမတန်း) (ဦး၊ ရေး၊ ထောက်)　　တွဲဖက်အတွင်းရေးမှူး
ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့

ဥက္ကဋ္ဌ
ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှု
ကြီးကြပ်ကွပ်ကဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်)

## ရှမ်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ပြန်လည်ဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရှမ်းပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည်–

(က) ဦးအောင်အောင်　　ဝန်ကြီးချုပ်　　ဥက္ကဋ္ဌ
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ခ) ဦးခွန်သိန်းမောင်　　စီးပွားရေးရာဝန်ကြီး　　ဒုတိယဥက္ကဋ္ဌ
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဂ) ဦးအေးနိုင်　　ညွှန်ကြားရေးမှူး　　အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

| | | | |
|---|---|---|---|
| (ဃ) | ဦးအောင်မျိုး | ညွှန်ကြားရေးမှူး<br>ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ရဲမှူးကြီး မြင့်ကျော် | ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ( စ ) | ဦးလေးနိုင် | ညွှန်ကြားရေးမှူး၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့်<br>ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးစိုင်းထွန်းထွန်း | ညွှန်ကြားရေးမှူး<br>ပြည်နယ်စည်ပင်သာယာရေးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးမျိုးမင်းလတ် | ညွှန်ကြားရေးမှူး<br>ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ဒေါက်တာ ကြည်လွင် | ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>နာယက၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ<br>အသင်း (ရှမ်းတောင်ဇုန်) | အဖွဲ့ဝင် |
| (ည) | ဦးမျိုးမင်းဇော် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ<br>အသင်း (ရှမ်းတောင်ဇုန်) | အဖွဲ့ဝင် |
| ( ဋ ) | ဦးထွန်းနေဦး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ<br>အသင်း (ရွှေတြိဂံဇုန်) | အဖွဲ့ဝင် |
| ( ဌ ) | ဦးဇော်ဇော် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ<br>အသင်း (ရှမ်းမြောက်ဇုန်) | အဖွဲ့ဝင် |
| ( ဍ ) | ဒေါက်တာ သန်းဇော် | တာဝန်ခံ၊ ရှမ်းပြည်နယ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

၃။ ခရီးသွားလုပ်ငန်းကော်မတီ၏ ၂၁-၆-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၂၁၊ ၆-၁၀-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၂၁၊ ၁၆-၆-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၂၂၊ ၁၃-၃-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၂၃၊ ၈-၄-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၄ နှင့် ၅-၈-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၂၄ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ကျော်စိုးဝင်း

ဥက္ကဋ္ဌ

ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၅ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ်-၂**

| လျှောက်ထားသူ | | လျှောက်ထားခံရသူ |
|---|---|---|
| YP7 COMPANY LIMITED<br>အမှတ် (၇/၁၃-A)၊ မစိုးရိမ်လမ်းသွယ်(၂)၊<br>(၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊<br>ဒေါ်အေးအေးမာ<br>YP7 Co., Ltd ၏ အခွင့်ရကိုယ်စားလှယ်၊<br>၁၂/သဃက(နိုင်)၀၈၆၆၀၆ | နှင့် | ညွှန်ကြားရေးမှူး<br>ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲ၊<br>အကောက်ခွန်ဦးစီးဌာန။ |
| လျှောက်ထားသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးကျော်သက်ဦး (ပျက်ကွက်) |
| လျှောက်ထားခံရသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | - | ဦးပိုင်သူမိုးအောင် (ကပ-၀၄၃၄)၊<br>ဦးစီးအရာရှိ၊<br>ဌာနဆိုင်ရာကိုယ်စားလှယ်၊<br>အကောက်ခွန်ဦးစီးဌာန။ |
| အမိန့်ချမှတ်သည့်ရက်စွဲ | - | ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက် |

**စီရင်ချက်**

အမှုမှာ ၂၃-၃-၂၀၂၂ ရက်နေ့တွင် AWPT ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ YP7 Co.,Ltd မှ Reciept ID NO.100201157710 (25-3-2022) ဖြင့် ကြေညာတင်သွင်းခဲ့သည့် ကုန်ပစ္စည်းများအား Receipt ID ဖွင့်လှစ်ထား သော်လည်း လာရောက်ထုတ်ယူခြင်းမရှိသော နှစ်လွန် ကုန်သေတ္တာများဖြစ်သောကြောင့် အကောက်ခွန်ဦးစီးဌာန၏ ၃-၄-၂၀၂၄ ရက်စွဲပါ ရုံးတွင်းအမိန့်စာ အမှတ် ၁၀၈/၂၀၂၄ ဖြင့် ဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့မှ ဖွင့်ဖောက် စစ်ဆေးခဲ့ရာ မျက်မြင်စစ်ဆေးချက်အရ Brand- Toyota Land Cruises, Chassis No-JTMAB7BJ 8N4022471, Engine-V35A FTS, Model- VJA 300L- GNUZZY Engine Power-3500CC, C/O-Japan (1)U ခန့်မှန်း တန်ဖိုးကျပ် ၇၈,၂၃၂,၀၀၀ (ကျပ်ခုနစ်ရာရှစ်ဆယ့်နှစ်သိန်းသုံးသောင်းနှစ်ထောင်)ခန့်သည် ပိုင်ရှင်မှ ကုန်ပစ္စည်း တင်သွင်းမှုအတွက် ကျသင့်အကောက်ခွန်ကိုပေးဆောင်ရန် တာဝန်ရှိသော်လည်း အကောက်ခွန်စည်းကြပ်မှုခံယူရန် ပျက်ကွက်ခြင်း၊ အခွန် ပေးဆောင်ရန် ပျက်ကွက်ခြင်းနှင့် ဆိပ်ကမ်းသို့ ရောက်ရှိသည့်နေ့မှ တစ်နှစ်ကျော် ကြာသည်အထိ ကုန်ပစ္စည်း များအား ထုတ်ယူရန် ပျက်ကွက်ခြင်းတို့ကြောင့် အကောက်ခွန်ဦးစီးဌာနမှ အဆိုပါ မော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းကြောင်း အမိန့်ချမှတ်ခဲ့သဖြင့် ယင်းအမိန့်အပေါ် ကျေနပ်မှု မရှိ၍ အခွန်အယူခံ ခုံအဖွဲ့သို့ အယူခံ တင်သွင်းလာမှု ဖြစ်ပါသည်။

အမှုအား စည်းကမ်းသတ်ကာလ ကျော်လွန်ပြီးမှ အယူခံ တင်သွင်းလျှောက်ထားလာခြင်းဖြစ်ကြောင်း စိစစ် တွေ့ရှိရသဖြင့် အမှုအားလက်ခံရန် သင့် မသင့် ကြားနာရန် လျှောက်ထားသူနှင့် လျှောက်ထားခံရသူသို့ အခွန်အယူခံ

ခုံအဖွဲ့နည်းဥပဒေများနှင့်အညီ ၂၇-၅-၂၀၂၅ ရက်နေ့ နံနက် ၁၀း ၀၀ နာရီတွင် အခွန်အယူခံခုံအဖွဲ့သို့ လာရောက်ရန် ဆင့်ခေါ်ခဲ့သည်။ အမှုကြားနာမည့်နေ့တွင် လျှောက်ထားခံရသူ အကောက်ခွန်ဦးစီးဌာန၏ ကိုယ်စားလှယ်သာ လာရောက်ပြီး လျှောက်ထားသူဘက်မှအခွင့်ရကိုယ်စားလှယ်သော်လည်းကောင်း၊ အကျိုးဆောင်ရှေ့နေသော်လည်းကောင်း လာရောက်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

အခွန်အယူခံခုံအဖွဲ့ရုံး၊ အယူခံဌာနခွဲမှ ညွှန်ကြားရေးမှူး၏ တင်ပြချက်အရ လျှောက်ထားသူနှင့် လျှောက်ထားခံရသူများအား တရားဝင်ဆင့်စာဖြင့် ထုတ်ဆင့်ခဲ့ပြီးဖြစ်သည့်အပြင် ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။ ထိုသို့ ဆင့်ခေါ်ရာတွင် လျှောက်ထားသူ၏ အခွင့်ရကိုယ်စားလှယ်က ၎င်းတို့ လာရောက်နိုင်ခြင်း မရှိတော့ကြောင်း တင်ပြသည်ကို ဖုန်းအသံ မှတ်တမ်းဖြင့် ရယူခဲ့ကြောင်း သိရှိရသည်။

အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ နည်းဥပဒေ ၃၂ အရ အမှုကြားနာရန် ချိန်းဆိုသည့်နေ့တွင် လျှောက်ထားသူ လာရောက်ရန်ပျက်ကွက်ပါက ခုံအဖွဲ့က အမှုအားပလပ်နိုင်ကြောင်းနှင့် ပလပ်သည့်လျှောက်ထားချက် အကြောင်းတစ်ရပ်တည်းနှင့်စပ်လျဉ်း၍ အမှုသစ် စွဲဆိုခွင့် မရှိစေရဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်-

**အမိန့်**

ခုံအဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များ၏ တူညီဆုံးဖြတ်ချက်အရ အမှုကြားနာရန် ချိန်းဆိုသည့်နေ့တွင် လျှောက်ထားသူ လာရောက်ရန်ပျက်ကွက်ခြင်းအတွက် အယူခံမှုအား ပလပ်ကြောင်း အမိန့်ချမှတ်လိုက်သည်။ မူလ လျှောက်ထားချက် အကြောင်းတစ်ရပ်တည်းနှင့်စပ်လျဉ်း၍ အမှုသစ် စွဲဆိုခွင့် မရှိစေရ။

| ရီရီမြင့် | ဝင်းတင် | မျိုးအောင် |
|---|---|---|
| အဖွဲ့ဝင် | အဖွဲ့ခေါင်းဆောင် | အဖွဲ့ဝင် |
| | အခွန်အယူခံခုံအဖွဲ့ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၂၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်)

၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြို့ပြ အင်ဂျင်နီယာဌာနမှ တိုင်းထွာရေး-၁ (မြို့ပြ)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဒေါ်မြသင်း အား ဌာနစုမှူး (တိုင်းတာရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၂၁/၂၀၂၅)

၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၅) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၇/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနမှ ကြီးကြပ်ရေးမှူး (လုပ်ငန်း)၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးရဲလင်းအောင် အား လက်ထောက်မန်နေဂျာ (မီးပြကိရိယာ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၂၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့သော ကြည်း ၃၈၂၄၅ ဗိုလ်မှူး ဇော်လင်းထွေး အား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးနေရာသို့ ၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ လွှဲပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်ကြီး မြထွန်းဦး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၄၃၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်)

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ပေါက်စိမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ် နှင့်အမည် (Block-D၊ ၉၅)၊ ဦးပိုင်အမှတ် (F- $\frac{၉၀}{၉၄}$) ရှိ **မြေဧရိယာ ၁.၆၁၀ ဧက** အား **ဆိုင်ကယ်တပ်ဆင်စက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခကျပ် ၂၃၁,၈၄၀ နှုန်းဖြင့် KZ-Shin Htet

**Co.,Ltd (ကိုယ်စား) ဦးဥက္ကာခွဲလွင် [၉/ခမစ (နိုင်) ၀၃၁၁၆၃]** သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန် နည်းဥပဒေ ၅၆ (၁) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၄၃၅/၂၀၂၅)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ သီရိမင်္ဂလာရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၂၀၆၉-ခ/ ကျောက်ပန်းတောင်းတောင်)၊ မြေကွက်အမှတ် ( $\frac{၃၂၇}{၈၂၄}$ ) ရှိ **မြေဧရိယာ ၀.၀၆ ဧက** အား **အမှတ် (၁) သတ္တုတွင်းလုပ်ငန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** သို့ အခမဲ့ လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၄၃၆/၂၀၂၅)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၄/ တိုးချဲ့မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၉၃၁) ရှိ **မြေဧရိယာ ၀.၀၅၅ ဧက** အား **ထားဝယ်မြို့နယ် သာသနာရေးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဥပဒေရေးရာဝန်ကြီးဌာန

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်)

အမှတ် ၆၉။ ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ ပြည်နယ်ဥပဒေအရာရှိ ဦးကပ်တလွန်း (ဥ/ ၂၄၆၈) အား ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန၊ ဥပဒေဘာသာပြန်ဌာနခွဲသို့ ညွှန်ကြားရေးမှူး အဖြစ် ပြောင်းရွှေ့နေရာချထားလိုက်သည်။

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်)

အမှတ် ၇၆။ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး/ဒုတိယမြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၄)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသောဥပဒေရုံး အသီးသီးတွင် တာဝန်ဝတ္တရားများစတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဦးစီးအရာရှိ/မြို့နယ်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၃)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့ နေရာချထားသည့် ရာထူး၊ ရုံး |
|---|---|---|---|
| ၁။ | ဦးရာဇာမင်းမော်<br>ဥ/၃၇၀၂ | ဒုတိယဦးစီးမှူး<br>ဇေယျာသီရိခရိုင်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>ရွာငံမြို့နယ်ဥပဒေရုံး |
| ၂။ | ဦးမင်းခေါင်ကျော်အောင်<br>ဥ/၃၈၀၂ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>လမ်းမတော်မြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>သာပေါင်းမြို့နယ်ဥပဒေရုံး |
| ၃။ | ဒေါ်ခင်ပြည့်ပြည့်ထွန်း<br>ဥ/၃၇၁၁ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ဗဟန်းမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ကမာရွတ်ခရိုင်ဥပဒေရုံး |
| ၄။ | ဒေါ်အိအိဖြိုး<br>ဥ/၃၆၈၇ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ရေတာရှည်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ပြစ်မှုဆိုင်ရာအယူခံ၊<br>ပြင်ဆင်စိစစ်ရေးဌာနခွဲ<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၅။ | ဒေါ်ဆုနှင်းယဉ်<br>ဥ/၃၆၈၃ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>အမရပူရမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၆။ | ဦးတိုး<br>ဥ/၃၇၂၄ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ပဲခူးမြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန |
| ၇။ | ဦးစိုင်းရဲလင်းနိုင်<br>ဥ/၃၇၂၉ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ရပ်စောက်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ကရင်ပြည်နယ်ဥပဒေချုပ်ရုံး<br>(ကော့ကရိတ်မြို့နယ်ဥပဒေရုံး<br>ပူးတွဲတာဝန်) |
| ၈။ | ဒေါ်နှင်းဝတ်ရည်<br>ဥ/၃၇၀၈ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>ရေတာရှည်မြို့နယ်ဥပဒေရုံး | ဦးစီးအရာရှိ<br>ညောင်လေးပင်ခရိုင်ဥပဒေရုံး |
| ၉။ | ဦးကျော်ဇေယျာလင်း<br>ဥ/၃၇၃၀ | ဒုတိယမြို့နယ်ဥပဒေအရာရှိ<br>တွံတေးမြို့နယ်ဥပဒေရုံး | မြို့နယ်ဥပဒေအရာရှိ<br>စလင်းမြို့နယ်ဥပဒေရုံး |

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်)

**နေပြည်တော်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၂၅/၂၀၂၄ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် နေပြည်တော်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ၊ အတွင်းရေးမှူး ဦးညီညီမင်း **အစား** ဦးတိုးဝင်း ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်)

**ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ထုတ်လွှင့်ပြသမည့်ရုပ်ရှင်ကားများ စိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ထုတ်လွှင့်ပြသမည့် ရုပ်ရှင်ကားများ စိစစ်ရေးအဖွဲ့ အဖွဲ့ဝင် ဥပဒေရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူး (ငြိမ်း) ဒေါ်တင်တင်ဝင်း **အစား** ဒုတိယတိုင်းဒေသကြီး ဥပဒေအရာရှိ (ငြိမ်း) ဒေါ်အေးအေးမြင့် ဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၇/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်)

**သက်ပြည့်ပင်စင် ခံစားခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးပညာပေးရေး ဌာနခွဲမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးကိုကိုကြီး အား ၁၁-၇-၂၀၂၅

ရက်နေ့မှ ၁၀-၁၁-၂၀၂၅ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်မည့် ၁၁-၁၁-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်)

၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန၊ အမှတ် (၅) တည်ဆောက်ရေးမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း၊ ဒုတိယ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးခင်လှိုင်အားယင်းဦးစီးဌာနရှိအမှတ် (၅) တည်ဆောက်ရေး၊ အေးသာယာမြို့တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ချထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၂၅)**

၂၃-၅-၂၀၂၅ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၁၄/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ပစ္စည်းစီမံရေးဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း၊ ဒုတိယအထွေထွေမန်နေဂျာ (ပစ္စည်း) ဦးထောင်မှုန်း အား ၁၄-၆-၂၀၂၅ ရက်နေ့မှ ၁၃-၁၀-၂၀၂၅ ရက်နေ့ထိ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၁၃-၁၀-၂၀၂၅ ရက်နေ့ ညနေပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဥာဏ်ထွန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အောက်ပါ ဦးစီးမှူး (၃) ဦးတို့အား လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်ကြည်ကြည်နွယ် | ၅/ ဆလက (နိုင်) ဝ၅၇၆၅၂ |
| (ခ) | ဒေါ်ခင်မျိုးရီ | ၉/ မခန (နိုင်) ၁၈၇၆၇၈ |
| (ဂ) | ဒေါ်သဲဝါမိုး | ၈/ ဆဖန (နိုင်) ဝ၅၁၂၃၆ |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ၏ ခွင့်ပြုချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုထားသည့် အောက်ပါအရာရှိ (၄) ဦးတို့အား ရောက်ရှိတာဝန် ထမ်းဆောင်ကြောင်း သတင်းပေးပို့သည့် ၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်နေ့မှစ၍ ၎င်းတို့နှင့်ယှဉ်တွဲပါဌာန များတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်သည်-

| | | | | |
|---|---|---|---|---|
| (က) | ကြည်း ၇၃၇၈၄ | ဗိုလ်ကြီး | ဟိန်းထက်မောင် | ကုန်သွယ်ရေးဦးစီးဌာန |
| (ခ) | ကြည်း ၆၇၂၈၈ | ဗိုလ်ကြီး | စိုင်းဟန်လင်းအောင် | စားသုံးသူရေးရာဦးစီးဌာန |
| (ဂ) | ကြည်း ၇၅၀၂၅ | ဗိုလ်ကြီး | အောင်အောင် | စားသုံးသူရေးရာဦးစီးဌာန |
| (ဃ) | ကြည်း ၄၉၈၇၉ | ဗိုလ်ကြီး | ထက်လင်းထွဏ်း | မူပိုင်ခွင့်ဦးစီးဌာန |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ၏ ခွင့်ပြုချက်ဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သို့ လွှဲပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုထားသည့် ကြည်း ၄၀၇၆၁ ဗိုလ်မှူး ရဲလွင် အား ရောက်ရှိတာဝန် ထမ်းဆောင်ကြောင်းသတင်းပေးပို့သည့် ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှစ၍ မူပိုင်ခွင့်ဦးစီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) ရာထူးဖြင့် ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၄ဝ/၂ဝ၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂ဝ၂၅ ခုနှစ်၊ မေလ ၂၉ ရက်)

## အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမည့်စည်းကမ်းချက်များ သတ်မှတ်သည့်အမိန့်ကြော်ငြာစာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အစပျိုးစမ်းသပ်ကာလ (Pilot Project) အတွင်း ပြည်ပမှ လျှပ်စစ်သုံးယာဉ်များ တင်သွင်းခြင်းအတွက် လိုက်နာရမည့်စည်းကမ်းချက်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ရမည်။

(ခ) လျှပ်စစ်သုံးယာဉ်တင်သွင်းမည့်ကုမ္ပဏီသည် လျှပ်စစ်သုံးမော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်ခွင့် မှတ်ပုံတင်လက်မှတ်ရရှိပြီးဖြစ်ရမည်။

(ဂ) လျှပ်စစ်သုံးယာဉ်တင်သွင်းမည့်ကုမ္ပဏီသည် အမျိုးသားအဆင့်လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီက သတ်မှတ်ထားသည့်စံချိန်စံညွှန်းနှင့်ခွင့်ပြုထားသည့် အစီးအရေအတွက်ကိုသာ တင်သွင်းရမည်။

(ဃ) လျှပ်စစ်သုံးယာဉ်တင်သွင်းမည့်ကုမ္ပဏီသည် တင်သွင်းမည့်လျှပ်စစ်သုံးယာဉ်များအတွက် လိုအပ်သည့် အာမခံမှု၊ အပိုပစ္စည်းများ (Spare Parts) ရရှိနိုင်မှုနှင့် ရောင်းချပြီးနောက်ပိုင်းပြင်ဆင်မှုများ (After-Sale Service) ကို ဆောင်ရွက်နိုင်သည့် အစီအမံထားရှိရမည်။

(င) လျှပ်စစ်သုံးမော်တော်ယာဉ်အရောင်းပြခန်းဖွင့်လှစ်ဆောင်ရွက်မည့်ကုမ္ပဏီသည်-

(၁) မြန်မာနိုင်ငံသားကဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားဖက်စပ်ဆောင်ရွက်ခြင်းဖြင့်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့်ကုမ္ပဏီဖြစ်ရမည်။

(၂) တင်သွင်းမည့် လျှပ်စစ်သုံးယာဉ်၏အမှတ်တံဆိပ် (Brand) တစ်ခုစီအတွက် ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာရုံး (Regional Office) မှဖြစ်စေ လျှပ်စစ်သုံးမော်တော်ယာဉ်အသစ်များ ဖြန့်ဖြူးရောင်းချရေး ကိုယ်စားလှယ် (Distributorship) သို့မဟုတ် အရောင်းကိုယ်စားလှယ် (Dealership) အဖြစ် တရားဝင်ခန့်အပ်ခြင်းခံရသည့် ကုမ္ပဏီဖြစ်ရမည်။

(၃) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုမိန့်နှင့်သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလိုင်စင်ရရှိပြီးသူဖြစ်ရမည်။

(၄) ပြည်တွင်းအခွန်များဦးစီးဌာနကထုတ်ပေးသည့် အခွန်ကင်းရှင်းကြောင်းအထောက်အထား တင်ပြရမည်။

(၅) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာ၊ အဆောက်အဦ၊ သိုလှောင်ရုံတို့ကို ရွေးချယ်ဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သောစံနှုန်း သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(၆) လျှပ်စစ်သုံးယာဉ်အရောင်းပြခန်း၏ အကျယ်အဝန်းနှင့် သိုလှောင်ရုံ၏အကျယ်အဝန်းတို့သည် ပူးတွဲပါ သတ်မှတ်ချက်အတိုင်းဖြစ်ရမည်။

(၇) အရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်းဖွင့်လှစ်မည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ တည်ရှိရမည်။

( စ ) လျှပ်စစ်သုံးယာဉ်တင်သွင်းရောင်းချမည့်ကုမ္ပဏီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုသည့် ဘဏ်တွင် မြန်မာငွေကျပ်သိန်း ၅၀၀ ပေးသွင်းထားကြောင်း ဘဏ်အာမခံချက် (Bank Guarantee) တင်ပြရမည်။

၂။ ဤအမိန့်ကြော်ငြာစာပါ လျှပ်စစ်သုံးယာဉ်ဟူသောစကားရပ်တွင် လျှပ်စစ်သုံးလူစီးယာဉ်နှင့် ခရီးသည်တင်ယာဉ်တို့အကျုံးဝင်ပြီး ဘက်ထရီသုံးလျှပ်စစ်သုံးယာဉ် (Battery Electric Vehicle–BEV) ယာဉ်များသာ ဖြစ်ရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

ပူးတွဲ

## လျှပ်စစ်သုံးယာဉ်အရောင်းပြခန်းဖွင့်လှစ်နိုင်ရေးအနိမ့်ဆုံးစံနှုန်းသတ်မှတ်ချက်များ

| | | | |
|---|---|---|---|
| ၁။ | **မြေအကျယ်အဝန်း** | – | ၁၀,၀၀၀ စတုရန်းပေ (အရောင်းပြခန်းနှင့် Service Center ဧရိယာနှင့် ဧည့်နားနေခန်း၏ စုစုပေါင်းဧရိယာသည် ၅,၀၀၀ စတုရန်းပေရှိရမည်။) |
| ၂။ | **သိုလှောင်ရုံ** | – | ၅,၀၀၀ စတုရန်းပေ (အမိုး၊ အကာ တည်ဆောက်ပြီးဖြစ်ရမည်၊ သိုလှောင်ရုံအတွင်းရှိ ပစ္စည်းများရှင်းလင်းပြီးဖြစ်ရမည်။) |
| ၃။ | **အရောင်းပြခန်းအင်္ဂါရပ်** | – | ရှေ့မျက်နှာစာနှင့် ဘေး မှန်ခန်းဖြစ်ရမည်။ နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီရမည်။ |
| ၄။ | **ဆိုင်းဘုတ်** | – | ၅၀ စတုရန်းပေ ( Distributor/Dealer အဖြစ် ခန့်အပ်ခံရသည့် ယာဉ်၏ အမှတ်တံဆိပ်ကို နိုင်ငံတကာစံနှုန်းနှင့်အညီ တပ်ဆင်ရမည်။) |
| ၅။ | **လမ်းနှင့် အကွာအဝေး** | – | ၁၂ ပေ |

၆။ လူနေထိုင်ခြင်းမရှိသည့်အဆောက်အဦတွင်သာ ဖွင့်လှစ်ခွင့်ပြုသည်။

၇။ အရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် တစ်ဆက်တည်းဖြစ်နေသော်လည်း မြေအကျယ်အဝန်း စံနှုန်းကိုက်ညီမှုရှိပါက ဖွင့်လှစ်ခွင့်ပြုသည်။

၈။ မြေနေရာရရှိမှုအပေါ်မူတည်၍ မြေအကျယ်အဝန်းသတ်မှတ်ချက်ကို ၁၀ ရာခိုင်နှုန်းဖြေလျှော့ ဆောင်ရွက်ခွင့်ပြုသည်။

ထွန်းအုံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၅/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်)

၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) အစီအစဉ် ၄ (ဃ-၁) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ မြိတ်တက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာ နေသွယ်ကြည် အား ၂၀၂၅ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့မှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေပုဒ်မ ၂၃၃(က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်)

၂၀၂၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) နှင့် ၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ဦးစီးမှူး (၂၁) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ တာဝန်ဝတ္တရားများစတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်ငြိမ်းဆုလှိုင် | ဦးစီးမှူး<br>သဘာဝဘေးလျော့ပါးရေးဌာနခွဲ<br>ရုံးချုပ်၊ နေပြည်တော် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (ခ) | ဒေါ်မြစောနွယ် | ဦးစီးမှူး<br>ပုလောမြို့နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဂ) | ဒေါ်အမူ | ဦးစီးမှူး<br>ဗဟိုသိုလှောင်ရုံ၊ မန္တလေးမြို့ | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဃ) | ဦးကျော်ဇင်ဝင်း | ဦးစီးမှူး<br>သနပ်ပင်မြို့နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (င) | ဒေါ်တင်နီလာကျော် | ဦးစီးမှူး<br>ဖောင်းပြင်မြို့နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (စ) | ဒေါ်သန်းသန်း | ဦးစီးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ<br>ရုံးချုပ်၊ နေပြည်တော် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဆ) | ဦးကျော်အေးလှိုင် | ဦးစီးမှူး<br>ရခိုင်ပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဇ) | ဒေါ်မေသူလွင် | ဦးစီးမှူး<br>ကျိုင်းတုံခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဈ) | ဒေါ်ဝင်းမာသိန်း | ဦးစီးမှူး<br>ပင်းတယမြို့နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ည) | ဦးဇာနည်လွင် | ဦးစီးမှူး<br>ဒက္ခိဏခရိုင်ဦးစီးမှူးရုံး<br>(ရုံးချုပ်တွဲဖက်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဋ) | ဒေါ်အိဖြူဖြူနှင်း | ဦးစီးမှူး<br>တံတားဦးမြို့နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဌ) | ဒေါ်သင်းယုမောင် | ဦးစီးမှူး<br>ကဝမြို့နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဍ) | ဒေါ်စိန်လှဝင်း | ဦးစီးမှူး<br>စီမံဌာနခွဲ<br>ရုံးချုပ်၊ နေပြည်တော် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ဎ) | ဒေါ်သိမ့် | ဦးစီးမှူး<br>မော်တော်ယာဉ်ဌာနခွဲ<br>ရုံးချုပ်၊ နေပြည်တော် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (ဏ) | ဒေါ်သဲထွဋ်ကျော့သဇင် | ဦးစီးမှူး<br>ဟသ်ာတခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (တ) | ဒေါ်ဆုဝင့်ဝင့်အောင် | ဦးစီးမှူး<br>ပျဉ်းမနားမြို့နယ်ဦးစီးမှူးရုံး<br>တိုင်းရုံး (တွဲဖက်) | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| (ထ) | ဒေါ်ဖြူမို့မို့နိုင် | ဦးစီးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ<br>ရုံးချုပ်၊ နေပြည်တော် | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| ( ဒ ) | ဒေါ်ဂျူလီယန်နာ | ဦးစီးမှူး<br>ကချင်ပြည်နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| ( ဓ ) | ဒေါ်အေးမမအောင် | ဦးစီးမှူး<br>ဖျာပုံခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| ( န ) | ဦးအောင်မျိုးထွန်း | ဦးစီးမှူး<br>ဘိုကလေးမြို့နယ်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |
| ( ပ ) | ဦးစည်သူလွင် | ဦးစီးမှူး<br>သရက်ခရိုင်ဦးစီးမှူးရုံး | ဦးစီးအရာရှိ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်)

၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှတစ်ဆင့် ရွေးချယ်ခေါ်ယူခဲ့သော ဦးစီးအရာရှိ (အစမ်းခန့်) ဦးဝင်းထိုက်အောင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၅/မရန (နိုင်) ၂၀၉၉၉၈] အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်ပြီး ဝန်ကြီးရုံး၊ ဦးစီးရုံးအင်အားဖြင့် ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲတွင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်)

၂၀၂၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင်ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ၏ သဘောတူ

ခွင့်ပြုချက်အရ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး ဦးသူရိန်ထွန်း အား လုပ်ငန်းလိုအပ်ချက်အရ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (ရုံးချုပ်)၊ ညှိနှိုင်းဆောင်ရွက်ရေးနှင့် သုတေသနဌာနသို့ လစာနှုန်းတူ ရာထူးတူဖြင့် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဒေါက်တာ စိုးဝင်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်
(၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်)

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ကောင်းမွန်သောစီမံမှု လုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice-GRP) ဆိုင်ရာ လုပ်ငန်းအဖွဲ့ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးမင်းသူရအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးကီးလိန်း<br>လက်ထောက်အတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါ်သွယ်သွယ်အေး<br>ညွှန်ကြားရေးမှူး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်တင်တင်နွယ်<br>ညွှန်ကြားရေးမှူး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးရဲမြတ်အောင်<br>ညွှန်ကြားရေးမှူး<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (စ) | ဒေါ်သဉ္ဇာနိုင်<br>ညွှန်ကြားရေးမှူး<br>တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးရန်နိုင်လွင်<br>လက်ထောက်အတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။　အဆိုပါ ကောင်းမွန်သောစီမံမှုလုပ်ထုံးလုပ်နည်းကျင့်သုံးရေး (Good Regulatory Practice–GRP) ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က)　ဝန်ကြီးဌာနတစ်ခုနှင့်တစ်ခု လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဌာနအကြီးအကဲမှ ဆုံးဖြတ်ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအတွက် အချိန်နှင့်တစ်ပြေးညီ ပြုစုတင်ပြဆောင်ရွက်ရန်၊

(ခ)　ပူးပေါင်းအဖွဲ့အစည်းများဖြစ်သည့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊

(ဂ)　အစည်းအဝေးတွင် ဆွေးနွေးချက်များ၊ ဆက်လက်အကောင်အထည်ဖော်ရမည့်ကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ပြုစုတင်ပြ၍ အကောင်အထည်ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ရန်၊

(ဃ)　ကောင်းမွန်သော စီမံမှုလုပ်ထုံးလုပ်နည်း ကျင့်သုံးရေးနှင့်စပ်လျဉ်း၍ အပြည့်အဝအကောင်အထည်ဖော်နိုင်ရေး မိမိတို့ဌာနမှ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်နိုင်ရေး သက်ဆိုင်ရာဌာနခွဲများနှင့်ပူးပေါင်း၍ သုံးသပ်ချက်အစီရင်ခံစာအား ပုံမှန်တင်ပြနိုင်ရေး ဆောင်ရွက်ရန်၊

(င)　အသစ်ထုတ်ပြန်မည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား ရည်ရွယ်ချက်အတိုင်း အောင်မြင်ပြီးမြောက်နိုင်မှု ရှိ မရှိ လေ့လာဆန်းစစ်တင်ပြရန်၊

(စ)　ထုတ်ပြန်ပြီးသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား Public သို့ ဖြန့်ဝေထားရှိမှု ရှိ မရှိနှင့် မရှိပါက အဆင့်ဆင့်တင်ပြ ဖြန့်ဝေနိုင်ရေးဆောင်ရွက်ရန်၊

(ဆ)　ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများအား ခေတ်မီစေရေးနှင့် အာဆီယံ/နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်တင်ပြရန်၊

(ဇ)　လုပ်ငန်းအဖွဲ့ခေါင်းဆောင်အနေဖြင့် မိမိတို့ဝန်ကြီးဌာန/ ဦးစီးဌာနများအတွင်း GRP ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲဆောင်ရွက်သွားရန်။

၃။　တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၄ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ခွန်သန့်ဇော်ထူး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်)

၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်နေ့တွင်ကျင်းပသော ဤရုံး၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ဖြင့် အတည်ပြုချက်အရ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး များအား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်ထားသည့် ရုံး၊ ဌာန |
|---|---|---|---|---|
| ၁။ | ဒေါ်လှအုန်းခိုင် | ၅၇၇၂ | မကွေးခရိုင် | ကချင်ပြည်နယ် |
| ၂။ | ဒေါ်မြင့်မြင့်စန်း | ၅၈၇၁ | ရောဝတီတိုင်းဒေသကြီး | တနင်္သာရီတိုင်းဒေသကြီး |
| ၃။ | ဒေါ်အေးပုလဲဦး | ၁၁၁၁၂ | ရောဝတီတိုင်းဒေသကြီး | စီမံရေးရာဦးစီးဌာန |

ဒေါက်တာ ခင်နိုင်ဦး

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် (၁၂/ ၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးစီမံခန့်ခွဲမှုဌာနကြီး၊ ငွေကြေးလုပ်ငန်းအုပ်ချုပ်မှုဌာန (မန္တလေးဘဏ်ခွဲ) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလင်းအောင် အား အသက် (၆၂) နှစ်ပြည့်ပြီးနောက် ခံစားခွင့်ရှိသည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိကို လုပ်ငန်းလိုအပ်ချက်အရ ခံစားခွင့်မပြုဘဲ ပျမ်းမျှလစာဖြင့် ဆက်လက် ထမ်းဆောင်စေလိုက်သည်။

၂။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလင်းအောင် အား အထက်ပါကာလကုန်ဆုံးပြီး နောက်တစ်ရက် ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့နှင့်အညီ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၄ ကို ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သန်းသန်းဆွေ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၅)**

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်စွဲပါ စာဖြင့် လွှဲပြောင်းအမှုထမ်းဆောင်ခွင့်ပြုလိုက်သည့် အောက်ဖော်ပြပါ အရာထမ်း (၄) ဦးတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ ရောက်ရှိသတင်းပို့သည့် ၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲပါ ရာထူးများဖြင့် ခန့်ထားလိုက်ပြီး ကိုယ်ပိုင်အမှတ်များပေးအပ်၍ ကော်မတီ၏ အတွင်းရေးမှူးရုံးတွင် တာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | မူလတပ်ရင်း | ခန့်အပ်သည့် ရာထူး၊ လစာနှုန်း | ပေးအပ်သည့် ကိုယ်ပိုင်အမှတ် |
|---|---|---|---|---|
| ၁။ | ဗိုလ်မှူး ရာဇာစိုး<br>ကြည်း ၄၆၅၅၃ | အမှတ် (၃၅၀) ခြေမြန်တပ်ရင်း | ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး)<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) | မစ-၂၃၁၀ |
| ၂။ | ဗိုလ်ကြီး ဟိန်းဇော်လတ်<br>ကြည်း ၃၁၁၂၆ | အမှတ် (၁၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း | ဌာနစုမှူး (ဦးစီးအရာရှိ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၁၁ |
| ၃။ | ဗိုလ်ကြီး ပြည့်ဖြိုးအောင်<br>ကြည်း ၅၅၄၉၆ | အမှတ် (၁၁၂) ခြေမြန်တပ်ရင်း | ဌာနစုမှူး (ဦးစီးအရာရှိ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၁၂ |
| ၄။ | ဗိုလ်ကြီး နိုင်လင်းထက်<br>ကြည်း ၇၄၀၇၇ | အမှတ် (၁) အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေးတပ် | ဌာနစုမှူး (ဦးစီးအရာရှိ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) | မစ-၂၃၁၃ |

**အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၅)**

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင်ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (က/၂၅) အရ အောက်ဖော်ပြပါ ဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် လက်ထောက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၅) ဦးတို့အား အမည်နှင့် ယှဉ်တွဲပါဌာနများတွင် လစ်လပ်လျက်ရှိသော ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိဌာန | တိုးမြှင့်ခန့်ထားသည့် ဌာန |
|---|---|---|---|
| ၁။ | ဦးမင်းဇော်<br>(မစ-၀၇၃၆) | တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန | တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိဌာန | တိုးမြှင့်ခန့်ထားသည့် ဌာန |
|---|---|---|---|
| ၂။ | ဦးလှမင်း (မစ-၀၇၂၄) | ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန | ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန |
| ၃။ | ဦးနိုင်ဝင်း (မစ-၁၂၄၃) | ရာပြတ်ဌာန | ကော်မတီရုံး |
| ၄။ | ဒေါ်စောစန္ဒာဦး (မစ-၀၃၅၆) | မြို့ပြစီမံကိန်းဌာန | မြို့ပြစီမံကိန်းဌာန |
| ၅။ | ဦးစစ်မင်းဟန် (မစ-၁၇၃၅) | စီမံရေးရာဌာန | အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) |

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၅)

ရန်ကုန်မြို့၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၂ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင်ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (ဌ) (၁) အရ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန (မြို့တော်ဂေါက်ကွင်း) မှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ကိုယ်ပိုင်အမှတ် မစ-၁၂၄၆ ဦးမင်းညွန့် အား ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၏ ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ ၂၀၂၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၅)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင်ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (ည) (၁) အရ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) မှ ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ကိုယ်ပိုင်အမှတ် မစ-၀၆၆၇ ဦးကျော်မိုး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၅)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင်ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၅။ (ည) (၃) အရ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) မှ လက်ထောက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး) (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ကိုယ်ပိုင်အမှတ် မစ-၁၆၂၀ ဦးတင်ထွန်းဦး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး) (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ဌေး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### အမျိုးသားလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၆၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်)

၁။ အမျိုးသားလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်း၊ လစာနှုန်း (၄၁၈,၀၀၀−၄,၀၀၀−၄၃၈,၀၀၀) သည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် အသက် (၆၂) နှစ်ပြည့်မည်ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ အရ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့မှ အောက်တိုဘာလ ၁၀ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်)

၁။ အမျိုးသားလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်တာ၊ လစာနှုန်း (၃၇၄,၀၀၀−၄,၀၀၀−၃၉၄,၀၀၀) သည် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် အသက် (၆၂) နှစ်ပြည့်မည်ဖြစ်ပါ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၈၁ အရ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှ အောက်တိုဘာလ ၂၄ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူး ဦးမောင်မောင်တာ အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

စိုးနိုင်ထွန်း

ညွှန်ကြားရေးမှူးချုပ်

## စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၆ ရက်)

အမှတ် ၉၁/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ကျော်မိုး ကြည်း ၈၁၃၇၈

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်)

အမှတ် ၉၂/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) ဝင်းဇော်အောင် ကြည်း ၈၁၃၇၉

(၂) ထွန်းထွန်းဦး ကြည်း ၈၁၃၈၀

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်)

အမှတ် ၉၃/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၂/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

မြင့်နိုင် ကြည်း ၈၁၃၈၁

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်)

အမှတ် ၉၄/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

သောင်းထွန်းအေး ကြည်း ၈၁၃၈၂

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်)

အမှတ် ၉၈/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

သိန်းဝင်း ကြည်း ၈၁၃၈၃

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂ ရက်)

အမှတ် ၉၉/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ

ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မေလ ၃၁ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

မင်းကို ကြည်း ၈၁၃၈၄

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ ကွမ်သဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် - ၇၇၆(က)/ ကွမ်သဲ (က)၊ ဦးပိုင်အမှတ် - ၇/၁ ရှိ **မြေဧရိယာ ၀.၆၅ ဧက** အား **အောင်တော်မူကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်)

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ ပင်စုံကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (ထီလိုက်ပေး)၊ မြေကွက်အမှတ် (၂၇) ရှိ **မြေဧရိယာ ၅.၄၅ ဧက** အား **ထီလိုက်ပေးဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

**ရုံးအမိန့်စာအမှတ် (၇၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၃ ရက်)

၁။ ၂၀၂၅ ခုနှစ်၊ မေလ ၁၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅-၂၀၂၆) ၏ သဘောတူခွင့်ပြုချက်အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြိုင် အား ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ထိုသို့ငြင်းပယ်ခဲ့သည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့မှစတင်ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

မင်းဇော်ဝင်း
ညွှန်ကြားရေးမှူးချုပ်
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

## မြန်မာ့စီးပွားရေးဘဏ်

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်)

အမှတ် ၂၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၂၅ ကို ရည်ညွှန်းလျက် ကာကွယ်ရေးဝန်ကြီးဌာနမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးသည့်

အောက်ဖော်ပြပါ တပ်မတော်အရာရှိ (၂) ဦးတို့အား မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲတွင် လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူး၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ စတင်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ပြန်တမ်းဝင်အမှတ် |
|---|---|---|
| ၁ | ဗိုလ်ကြီး ခိုင်မင်း | ကြည်း ၇၃၅၇၂ |
| ၂ | ဗိုလ်ကြီး ကျော်သက် | ကြည်း ၇၇၁၈၅ |

ဝင်းနိုင်ဦး
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စီးပွားရေးဘဏ်

## Naypyitaw State Academy

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၂၈ ရက်)

အမှတ် ၀၁၀။ ၁၄-၅-၂၀၂၅ ရက်နေ့တွင်ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) အစီအစဉ် ၄ (ဃ-၁၀) ၌ သဘောတူဆုံးဖြတ်ချက်အရ Naypyitaw State Academy၊ မြန်မာစာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ဇော်ဝင်း အား ၁-၆-၂၀၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် ၁-၁၀-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ နုနုလွင်
ခေတ္တပါမောက္ခချုပ်
Naypyitaw State Academy

ပ၊ ထ၊ န - အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၁၇၀/ ၂၀-၆-၂၀၂၅။